## ဓမ္မခန္ဓာ (၇၀) ထွက်ရပ်လမ်းများ (အလ်–မအာရိဂျ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၉)၊ သုတ်ဒေသနာ (၄၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللَّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **سَأَلَ سَائِلٌ بِعَذَابٍ وَاقِعٍ۞**<br>မေးသူတစ်ဦးက ကျရောက်လာမည့် ဝဋ်ကြွေးအကြောင်းကို မေး၏။ |
| ၂။ | **لِّلْكَافِرِينَ لَيْسَ لَهُ دَافِعٌ۞**<br>ဖုံးကွယ်သူများအတွက် မည်သူမျှ ၎င်းကို မတွန်းလှန်နိုင်ချေ။ |
| ၃။ | **مِّنَ اللَّهِ ذِي الْمَعَارِجِ۞**<br>–ဉာဏ်သမာပတ်တက်လမ်းများအား စိုးပိုင်သော ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏။ |
| ၄။ | **تَعْرُجُ الْمَلَائِكَةُ وَالرُّوحُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ خَمْسِينَ أَلْفَ سَنَةٍ۞**<br>နိမိတ်ဆောင်များနှင့် ဉာဏ်စဉ်တော်သည် အရှင့်ထံသို့ ဉာဏ်သမာပတ် တက်လှမ်း၏၊ ယင်း၏ ကာလတစ်ခုသည် နှစ်ပေါင်း ငါးသောင်း စည်းချိန် ဖြစ်၏။[၁၀၈၀] |
| ၅။ | **فَاصْبِرْ صَبْرًا جَمِيلًا۞** |

(**၁၀၈၀**) နိမိတ်ဆောင်များ ဆိုသည်မှာ လူသားစင်စစ်များဖြစ်၍ (၂း၃၀) ဉာဏ်စဉ် ဆိုသည်မှာလည်း လူသား ဉာဏ်စဉ်ရ ပုဂ္ဂိုလ်များကို ခေါ်ဆိုကြောင်း (၆၆း၁၂) ရှင်းပြခဲ့ပြီး ဖြစ်သည်။ လူသားသည် မိမိအား ဖြစ်တည်စေသော အရှင်အား ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအားဖြင့် ဖူးတွေ့သိမြင်နိုင်စွမ်း မရှိချေ။ ဉာဏ်ခန္ဓာ သို့မဟုတ် ဉာဏ်သမာပတ်ဝင်စား၍သာ သိရှိနိုင်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် လူသားစင်စစ်ဖြစ်၍ ဉာဏ်စဉ် အရာ၌ ကျင့်ကြံအားထုတ် ရင့်သန်သော ပုဂ္ဂိုလ်များသည် ပရမတ်ဘုရားရှင်ထံသို့ ဉာဏ်စဉ်ဆိုက်ရောက်ခွင့်များ ရှိသည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အရှင်သည် ဉာဏ်စဉ်ပေါက်မြောက်အောင်မြင်ရာ နည်းလမ်းများ၏ ရင်းမြစ်ဖြစ်ကြောင်း သုတ်တော် (၃)တွင်လည်း အတိအကျ ဆိုထားခဲ့ပြီး ဖြစ်ပေသည်။ ဤသုတ်တော်မှ "တစ်နေ့၌ နှစ်ပေါင်း ငါးသောင်း စည်းချိန် (အတိုင်းအတာ) ဖြစ်၏၊" ဆိုသည်မှာ ပမာပေးခြင်း ဖြစ်၍– (၁) ဉာဏဗလ ရင့်သန်သော လူသားများ အတွင်းတွင်မှ ဉာဏ်စဉ်အမြင့်ဆုံးကို ဆွတ်ခူးနိုင်သော လူသား ဉာဏ်စဉ်ဆောင် (ရစူလ်၊ နဗီ)များ၏ သိမြင် နိုင်အားမှာ သာမန်လူသားတို့၏ မျိုးစဉ်မျိုးဆက် နှစ်ပေါင်း ငါးသောင်း သမိုင်းကို သိသည်နှင့် ညီသည်ဟု ဖြစ်ပေသည်။ ပို၍ ရှင်းလင်းစွာ ဆိုရလျှင် လူသား ဉာဏ်စဉ်ဆောင်၏ ဖျတ်ကနဲ အတွေးတစ်ချက်သည် သာမန်လူသားတို့ နှစ်ပေါင်း ငါးသောင်း (မဖြစ်နိုင်လောက်အောင်) တွေးသည်ထက် ပို၍ သိမြင်နိုင်သည်ဟု ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၅)ပါ "ထည်ဝါခန့်ညားသော သီးခံခြင်းဖြင့် သီးခံလော့၊"ဟူသော ဝါကျက ထောက်ပြထားပေသည်။ သာမန်လူသားတို့၏ အသိသည် ဉာဏ်စဉ်ဆောင်နှင့် နှိုင်းယှဉ်လျှင် လူမမယ် ကလေးတစ်ဦး၏ အသိနှင့် ပညာရှင်ကြီးတစ်ဦး၏ အသိ ကဲ့သို့ ကွာခြားနေပေသည်၊ သို့ဖြစ်၍– သာမန်လူသားတို့အား ပြောဆို ဆက်ဆံရာတွင် လူမမယ်ကလေးကို ဆက်ဆံရသကဲ့သို့ လူကြီးပီသသော သီးခံခြင်းဖြင့် သီးခံရန် သတိပေါ်ပေးထားခြင်း ဖြစ်ပေသည်။ (၂) အာရဗီစကားလုံး **ယောင်းမ်** ဆိုသည်မှာ မြန်မာများ နားလည်ထားသော တစ်နေ့တာကို ခေါ်ဆိုခြင်း မဟုတ်ကြောင်းကို ရှင်းပြထားပေသည်။ **ယောင်းမ်** ဆိုသည်မှာ ကာလကို ခေါ်၍ ထို**ယောင်းမ်**ဟူသော ကာလသည် နှစ်ပေါင်း ထောင်နှင့်ချီ၍လည်း ဖြစ်နိုင်သည် နှစ်ပေါင်း ငါးသောင်းလည်း ဖြစ်နိုင်သည်ဟူသော သာမန်နားလည်နိုင်မှုထက် ပိုမိုသော ကာလ အပိုင်းအခြားကို ခေါ်ဆိုခြင်း ဖြစ်ကြောင်းကို ရှင်းလင်းခြင်း ဖြစ်ပေသည်။ (၂၂း၄၇။၃၂း၅။ ၇၀း၄)။ အထူးသဖြင့် ၁၄း၅။ ၄၅း၁၄။ ၃၂း၄ တို့အတွင် လူသားတို့ နေထိုင်ရာ ပရဝုဏ်ရှိ စကြာဝဠာအား **ယောင်းမ်** ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေသည် ဟု ဆိုခြင်းမှာ– ခရစ်ယာန် သမ္မာကျမ်းစာမှ ဆိုသော နေ့ရက် ခြောက်ရက်နှင့် ဖြစ်တည်စေကာ ခုနစ်ရက်မြောက်နေ့၌ ဘုရားသခင်သည် နားနေတော်မူ၏၊ ဆိုသော ဒသန ကဲ့သို့ မဟုတ်ကြောင်းကို ထင်ရှားပေါ် လွင်စေရန် ရှင်းပြထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | သို့ဖြစ်၍ ထည်ဝါခန့်ညားသော သီးခံခြင်းဖြင့် သီးခံလော့။ |
| ၆။ | إِنَّهُمْ يَرَوْنَهُ بَعِيدًا۝<br>သူတို့မူကား ၎င်းကို ဝေးကွာလှသည်ဟု အမြင်ရှိ၏။ |
| ၇။ | وَنَرَاهُ قَرِيبًا۝<br>ငါအရှင်၏ အမြင်၌ ၎င်းသည် နီးကပ်လှချေ၏။ |
| ၈။<br>☆<br>၅၅:၃၇ | يَوْمَ تَكُونُ السَّمَاء كَالْمُهْلِ۝<br>ကောင်းကင်ယံသည် ကြေးနီရည် ကဲ့သို့ ဖြစ်သော နေ့ကာလ၊☆ |
| ၉။ | وَتَكُونُ الْجِبَالُ كَالْعِهْنِ۝<br>တောင်တန်းများသည် ဝါဂွမ်းဖတ်ကဲ့သို့ ဖြစ်၍– |
| ၁၀။ | وَلَا يَسْأَلُ حَمِيمٌ حَمِيمًا۝<br>မိတ်ဆွေက မိတ်ဆွေကို သတင်းမမေးဘဲ– |
| ၁၁။ | يُبَصَّرُونَهُمْ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِي مِنْ عَذَابِ يَوْمِئِذٍ بِبَنِيهِ۝<br>သူတို့ကို ကြည့်နေစေ၏။ ရာဇဝတ်ကောင်သည် ထိုနေ့ကာလ၏ ဝဋ်ကြွေးမှ လျှော်ကြေးပေးလိုသည်မှာ– |
| ၁၂။ | وَصَاحِبَتِهِ وَأَخِيهِ۝<br>သူတို့၏ ပေါင်းဖေါ်ကြင်ဘက်များ၊ သူတို့၏ သားချင်းများ– |
| ၁၃။ | وَفَصِيلَتِهِ الَّتِي تُؤْوِيهِ۝<br>ယုတ်စွ သူတို့အား မြှောက်စားခဲ့သော အမျိုးများ– |
| ၁၄။ | وَمَن فِي الْأَرْضِ جَمِيعًا ثُمَّ يُنجِيهِ۝<br>မြေကမ္ဘာမှ အားလုံးကို ဖြစ်၍၊ ထို့နောက် ကယ်နုတ်ခံလို၏။ |
| ၁၅။ | كَلَّا إِنَّهَا لَظَى۝<br>အမှန်မှာ၊ ယင်းသည် မီးတောက်မီးလျှံသာ ဖြစ်၍၊ |
| ၁၆။ | نَزَّاعَةً لِّلشَّوَى۝<br>လောင်မြိုက်လိုဇော ဟပ်နေသည်လျှက်– |
| ၁၇။ | تَدْعُو مَنْ أَدْبَرَ وَتَوَلَّى۝<br>ဖိတ်ခေါ်နေသည်မှာ –မချေမင် ဦးလှည့်သွားသူ– |
| ၁၈။ | وَجَمَعَ فَأَوْعَى۝<br>စုဆောင်း၊ သိုလှောင်ထားသူအား ဖြစ်၏။[၁၀၈၁] |
| ၁၉။ | إِنَّ الْإِنسَانَ خُلِقَ هَلُوعًا۝ |

(၁၀၈၁) ဥစ္စာပစ္စည်းအား မလှူမဒါန်း စုဆောင်း သိုလှောင်ထားသူကို ဆိုလိုပေသည်။

| | |
|---|---|
| | ကေန်ပင် လူသားကို မမြဲသိပ်နိုင်သော သဘာဝဖြင့် ဖြစ်တည်ပေးထား၏။ |
| ၂၀။ | **إِذَا مَسَّهُ الشَّرُّ جَزُوعًا۞**<br>အကုသိုလ် ထိသက်သော် ဒဏ်ခံနိုင်ခြင်း မရှိချေ။ |
| ၂၁။ | **وَإِذَا مَسَّهُ الْخَيْرُ مَنُوعًا۞**<br>ကောင်းခြင်း ထိသက်သော် ကုပ်တွယ်ထား၏။ |
| ၂၂။<br>☆ ၂း၃ | **إِلَّا الْمُصَلِّينَ۞**<br>စိတ်လေ့ကျင့်ထားသူတို့မှာ☆ ထိုမှုကင်း၍− |
| ၂၃။ | **الَّذِينَ هُمْ عَلَى صَلَاتِهِمْ دَائِمُونَ۞**<br>ထိုသူတို့သည် စိတ်လေ့ကျင့်မှု၌  တည်မြဲကြ၏။ |
| ၂၄။ | **وَالَّذِينَ فِي أَمْوَالِهِمْ حَقٌّ مَّعْلُومٌ۞**<br>သူတို့၏ ဥစ္စာပစ္စည်းအား မှန်ကန်စွာ သိမြင်တတ်လျက်− |
| ၂၅။ | **لِّلسَّائِلِ وَالْمَحْرُومِ۞**<br>သူဆင်းရဲနှင့် အားကိုးမဲ့တို့အတွက် ဖြစ်စေ၏။ |
| ၂၆။<br>☆၁း၄ | **وَالَّذِينَ يُصَدِّقُونَ بِيَوْمِ الدِّينِ۞**<br>သူတို့သည် စီရင်ချက်နေ့ကာလအား☆ ဖြောင့်မှန်စွာ လက်ခံကြ၏။ |
| ၂၇။ | **وَالَّذِينَ هُم مِّنْ عَذَابِ رَبِّهِم مُّشْفِقُونَ۞**<br>ကံကြမ္မာရှင်၏ နိယာမ ဝင့်ကြွေးကို ကြောက်ရွံ့တုန်လုပ်သူတို့ ဖြစ်ကြ၏။ |
| ၂၈။ | **إِنَّ عَذَابَ رَبِّهِمْ غَيْرُ مَأْمُونٍ۞**<br>ကံကြမ္မာရှင်၏ နိယာမ ဝင့်ကြွေးအတွက် ခိုအောင်းနိုင်ရာ မရှိချေ။ |
| ၂၉။ | **وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ۞**<br>သူတို့သည် ကိုယ်အင်္ဂါများကို စောင့်ထိန်းကြသည်မှာ− |
| ၃၀။ | **إِلَّا عَلَى أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ۞**<br>သူတို့၏ ပေါင်းဖေါ်များ၊ သူတို့အတွက် အပြစ်ယူဘွယ် မရှိသော သူတို့၏ သြဇာခံများမှအပ ဖြစ်၏။ |
| ၃၁။ | **فَمَنِ ابْتَغَى وَرَاءَ ذَلِكَ فَأُوْلَئِكَ هُمُ الْعَادُونَ۞**<br>ဤထက် ကျော်လွန် ရှာဖွေသောသူ၊ ထိုသူတို့သည် စည်းပျက်သူများ ဖြစ်ကြ၏။ |
| ၃၂။ | **وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ۞**<br>သူတို့သည် သူတို့၏ ကတိနှင့် သူတို့၏ ပဋိညာဉ်အတွက် သစ္စာမြဲမြံကြ၏။ |
| ၃၃။ | **وَالَّذِينَ هُم بِشَهَادَاتِهِمْ قَائِمُونَ۞**<br>သူတို့၏ သက်သေခံချက်သည် မြဲမြံတည်တံ့လျက် ရှိ၏။ |

| | |
|---|---|
| ၃၄။ | وَالَّذِينَ هُمْ عَلَى صَلَاتِهِمْ يُحَافِظُونَ۞<br>သူတို့သည် သူတို့၏ စိတ်လေ့ကျင့်မှုကို စောင့်ထိန်းကြကုန်၏။ |
| ၃၅။ | أُوْلَئِكَ فِي جَنَّاتٍ مُّكْرَمُونَ۞<br>သူတို့သည် ဥယျာဉ်တော်၌ ကျက်သရေဆောင်ခြင်း ခံရလတ္တံ့။ |
| ၃၆။ | فَمَالِ الَّذِينَ كَفَرُوا قِبَلَكَ مُهْطِعِينَ۞<br>မည်သည့်အကြောင်းကြောင့်နည်း၊ ဖုံးကွယ်သူတို့သည် သင့်အား ပျာပျာသလဲချည်းကပ်ကြ၏။ |
| ၃၇။ | عَنِ الْيَمِينِ وَعَنِ الشِّمَالِ عِزِينَ۞<br>လက်ျာမှ လက်ဝဲမှ အုပ်စုအမျိုးမျိုး ဖြစ်ကြ၏။ |
| ၃၈။ | أَيَطْمَعُ كُلُّ امْرِئٍ مِّنْهُمْ أَن يُدْخَلَ جَنَّةَ نَعِيمٍ۞<br>သူတို့အနက်မှ လူတစ်ဦးချင်းစီက ဂုဏ်ရှိသော ဥယျာဉ်တော်သို့ ဝင်ရမည်ဟု ဘဝင်စွဲနေကြသလော။ |
| ၃၉။ | كَلَّا إِنَّا خَلَقْنَاهُم مِّمَّا يَعْلَمُونَ۞<br>အမှန်မှာ၊ ငါသည် သူတို့အား သူတို့ သိသော ဝတ္ထုမှ ဖြစ်တည်စေခဲ့၏။ |
| ၄၀။ | فَلَا أُقْسِمُ بِرَبِّ الْمَشَارِقِ وَالْمَغَارِبِ إِنَّا لَقَادِرُونَ۞<br>အမှန်မှာ– နေထွက်ရာများ နေဝင်ရာများ၏ ကံကြမ္မာရှင်ကို ကျိန်ဆိုလျက်၊ ငါသည် စည်းချိန်ချမှတ်တော်မူနိုင်၏။ |
| ၄၁။ | عَلَى أَن نُّبَدِّلَ خَيْرًا مِّنْهُمْ وَمَا نَحْنُ بِمَسْبُوقِينَ۞<br>ငါသည် သူတို့ထက် ပို၍ ကောင်းသော သူများနှင့် အစားထိုးပစ်နိုင်၏၊ ငါ့အား လွန်ဆန်၍ မရချေ။ |
| ၄၂။ | فَذَرْهُمْ يَخُوضُوا وَيَلْعَبُوا حَتَّى يُلَاقُوا يَوْمَهُمُ الَّذِي يُوعَدُونَ۞<br>သို့ဖြစ်၍ သူတို့အား ဆုံတွေ့ရမည်ဟု ကတိပေးထားသော နေ့ကာလတိုင် အချီးနှီးပြောခြင်း၊ ကစားမြူးထူးခြင်း၌ ပစ်ထားလော့။ |
| ၄၃။ | يَوْمَ يَخْرُجُونَ مِنَ الْأَجْدَاثِ سِرَاعًا كَأَنَّهُمْ إِلَى نُصُبٍ يُوفِضُونَ۞<br>ထိုနေ့ကာလ၌ သူတို့သည် ပန်းဝင်ရန် အပြေးပြိုင်သူများ ကဲ့သို့၊ သချိုင်းကုန်းမှ သုတ်ခြေတင် ထွက်လာကြလိမ့်မည်။ |
| ၄၄။ | خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ذَلِكَ الْيَوْمُ الَّذِي كَانُوا يُوعَدُونَ۞<br>ကြောက်ရွံ့တုန်လှုပ်သော မျက်လုံးများဖြင့်၊ အရှက်ရခြင်း ဖိစီးခံရလျက်၊– ယင်းသည် သူတို့အား ကတိပေးထားသော နေ့ကာလ ဖြစ်၏။ |